မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _ Volume 18 / Issue 1 / January / 2025*

## *Happy New Year 2025 to you all!*

*May God always shower of*
*a lot of joy and happiness you all.*

*Numbers 6:24-26*
*"The Lord bless you and keep you;*
*The Lord make His face shine on you and be gracious to you;*
*The Lord turn his face toward you and give you peace."*

*Proverbs 3:5-6*
*Trust in the Lord with all your heart,*
*and do not lean on your own understanding.*
*In all your ways acknowledge him,*
*and he will make straight your paths.*

## *2025 January, Sunday Worship Programs:*




*January 5, 2025 … Holy Communion Sunday*

*January 12, 2025 … RegularWorship Service*

*January 19, 2025 … Christmas Worship Service*

*January 26, 2025 …BCF Church 48th Anniversary and Consecration Worship Service*
*Guest Spesker: Rev. ZauYa Laphi (BCC Church, San Jose, CA)*

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# ၂၀၂၅–ခုနှစ်တွင်
# “ကိုယ်–စိတ်–နှလုံး နှင့် ဝိညာဉ် –ရွှင်လန်းကြပါစေ”

မင်္ဂလာအပေါင်း ခညောင်းသော ၂၀၂၅ ခုနှစ်သို့ ဝင်ရောက်လာပါပြီ။

ဘုရားသခင်ပြင်ဆင်ပေးသော ၂၀၂၅ နှစ်သစ်သို့ ဝင်ရောက်ခွင့် ရရှိကြသော မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်၏သတင်းလွှာ *(B.C.F.Newsletter)* ကို ဖတ်ရှုသောသူအပေါင်းတို့သည် ဘုရားသခင်ထံတော်ပါးမှ အဘယ်သူမျှကြံ၍ မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် သခင်ယေရှုခရစ်တော်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မပါစေသောဝ်...၊ အာမင်။

ကျွန်ုပ်တို့ ကြိုတင်၍မသိမမြင်နိုင်သော ၂၀၂၅ နှစ်သစ် အချိန်ကို စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ တို့ဖြင့် ဖွဲ့စည်းထားပါသည်။ တစ်နှစ်တာ သက်တမ်းတွင် မြေကြီးမကုန်မှီ တိုင်အောင်၊ မျိုးစေ့ ကြဲရသောကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ မပြတ်ရဟု အမိန့်တော်ရှိသည်အတိုင်း အချိန်ကာလ အပြောင်းအလဲ ရှိပါသည်။

ထို့အတူ ခပ်သိမ်းသော အမှုအရာတို့သည် မိမိတို့အချိန်ရှိ၏။ ကျော်ဖြတ်ပြီးသော လွန်ခဲ့သည့်နှစ်ပေါင်းများစွာ၏ အတွေ့အကြုံများကို သင်ခန်းစာယူလျှက်၊ ဤ ၂၀၂၅ ခုနှစ်တွင် ပြုပြင်စရာ၊ ပြင်ဆင်စရာ၊ လိုက်လျှောက်စရာ ... များစွာတို့ကို ဘုရားသခင့်ထံတော်မှ တန်ခိုးတော်၏ ခွန်အား၊ လက်တော်နှင့် စောင်မခြင်း၊ မေတ္တာတော်ဖြင့်ကျေးဇူးပြုခြင်း  တို့ကို အားရကျေနပ်စွာ လက်ဝယ်ပိုင်ဆိုင်ရယူလျှက်၊ ရဲရင့်စွာ ရှေ့သို့ ချီတက်ကြပါစို့။

**************************************************

ဆာလံကျမ်း၊ ၂၈း၆–၇။
ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။
ငါတောင်းလျှောက်သောအသံကို နားထောင်တော်မူပြီ၊
ထာဝရဘုရားသည် ငါ၏ခွန်အားဗလ၊ ငါ၏အကွယ်အကာ ဖြစ်တော်မူ၏။
ငါ့နှလုံးသည် ထိုဘုရားကို ကိုးစား၍ ငါ့ကိုစောင့်မတော်မူသောကြောင့်၊
ငါ့နှလုံးသည် ရွှင်လန်းလျက်ရှိ၏။

Psalms 28:6-7.
“Blessed be the LORD, because he hath heard the voice of my supplications.The LORD *is* my strength and my shield;
my heart trusted in him, and I am helped:
therefore my heart greatly rejoiceth;
and with my song will I praise him.”

**************************************************

## ဘုရားသခင်၏ကျေးဇူးတော်ကို
## ချီးမွမ်း၍မြွတ်ဆိုကြလော့!




**ထလော့၊ လင်းလော့၊**
**သင်၏အလင်းရောက်လာပြီ။**
**ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။**

>>>>>>>>>>>>>>>>>>>> <<<<<<<<<<<<<<<<<<<<<<<

လူမျိုးအပေါင်းတို့ ထာဝရဘုရားကို ချီးမွမ်းကြလော့။
လူအနွယ်အပေါင်းတို့ အလွန်ချီးမွမ်းကြလော့။
အကြောင်းမူကား ၊ ငါတို့၌ ကရုဏာတော်ကြီးလှ၏။
ထာဝရဘုရား၏သစ္စာတော်သည် အစဉ်အမြဲတည်၏။ ဟာလေလုယ။

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော် အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းလော့။

ကိုယ်တော်သည် အကျွန်ုပ်၏ဘုရား ဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမွမ်းပါမည်။
ကိုယ်တော်သည် အကျွန်ုပ်၏ဘုရား ဖြစ်တော်မူ၍ ကိုယ်တော်ကို ချီးမြှောက်ပါမည်။

ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့။ ချီးမွမ်းကြလော့။
ထာဝရဘုရား၏နာမတော်သည် ယခုမှစ၍အစဉ်အဆက် မင်္ဂလာရှိစေသတည်း။ ဟာလေလုယ။

နေထွက်ရာမှသည် နေဝင်ရာတိုင်အောင် ထာဝရဘုရား၏ နာမတော်သည် ချီးမွမ်းဘွယ်ဖြစ်၏။ ထာဝရဘုရားသည် လူမျိုးတကာတို့အပေါ်၌၎င်း၊ ဘုန်းတော်သည် ကောင်းကင်အပေါ်၌၎င်း၊ မြင့်တော်သည် ဖြစ်သောကြောင့် ချီးမွမ်းကြလော့။

လူတို့၌ ပြုတော်မူသောကရုဏာနှင့် အံ့ဘွယ်သောအမှုတော်တို့ကို ထောက်၍၊ ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြစေ။ အကြောင်းမူကား၊ တောင့်တသောဝိညာဉ်ကို ရောင့်ရဲစေ၍၊ မွတ်သိပ်သောဝိညာဉ်ကိုလည်း၊ ကောင်းသောအရာနှင့် ပြည့်ဝစေတော်မူ၏။ အာမင်။

>>>>>>>>>>>>>>>>>>>> <<<<<<<<<<<<<<<<<<<<<<<

# အဆင်သင့်ပြင်ဆင်ထားကြစို့ ..

၂၀၂၅ နှစ်သစ်သို့မဝင်ရောက်မီ၊ ၂၀၂၄ ဒီဇင်ဘာလ၏ နောက်ဆုံးသောညနေခင်းမှာ တစ်ယောက်တည်း ယေရှုခရစ်တော်၏သတင်းကောင်းနှင့် မဟာစေခိုင်းချက်ကို ပြန်လည်ကာ တွေးတောဆင်ခြင်နေမိသည်။

ဧဝံဂေလိတရားတော်သည် သတင်းကောင်း ဖြစ်သည်။

စစ်မှန်သောဧဝံဂေလိတရားသည် အပြစ်သားများကို အပြစ်မှ ဘုရားသခင် ကယ်တင်သောသတင်းကောင်း ဖြစ်သည်။ လူသားတို့သည် သဘာဝအားဖြင့် အပြစ်ရှိပြီး အပြစ်သားများ ဖြစ်သောကြောင့် သန့်ရှင်း၊ မြင့်မြတ်၊ စုံလင်သောဘုရားသခင် နှင့် ကင်းကွာသွားခဲ့ကြရသည်။ ထိုသို့သောအခြေအနေကို ပြန်လည်ကုစားရန် မျှော်လင့်ချက်မရှိပေ။

သို့သော်လည်း၊ ဘုရားသခင်သည် မိမိ၏တပါးတည်းသော သားတော် ယေရှုခရစ်တော်ကို အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း အားဖြင့် အပြစ်ထဲ၌ နစ်မြုပ်နေကြသော လူသားအပေါင်းတို့ကို ရွေးနှုတ်ကယ်တင်ခဲ့သည်။ ပြုတော်မူသမျှသောအမှုအရာခပ်သိမ်းတို့သည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ပြုပေးခဲ့သည်။ ထိုသတင်းကောင်းကို ယုံကြည်လက်ခံသောသူအပေါင်းတို့သည် လွှတ်ခြင်းချမ်းသာကို အမှန်ရရှိပါ၏။

မဿဲ၊ ၂၈း၁၈–၂၀၊ ယေရှုခရစ်တော်က သူ၏တပည့်တော်တို့အား မိန့်တော်မူခဲ့သော –
“ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုး ရှိသမျှ တို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။” ဟု ဆိုသောအကြောင်းအရာကို စဉ်းစားဖြစ်သည်။

ထိုညကအိပ်ပျော်နေစဉ်မှာ အိပ်မက်တစ်ခုမက်တယ်။ နံနက်ပိုင်းလောက်မှာပေါ့ ... ၊ အိပ်မက်ထဲမှာ အသင်းတော်ကြီးတစ်ခုမှာ တရားဟောဖို့ ကျမတာဝန်ကျတယ်တဲ့။ ဒါပေမဲ့ ကျမမှာ ဘာမှမပြင်ဆင်ထားဘူး။ ဘာဟောရမလဲ မသိဘူး။ ဘုရားသခင်ထံ ဆုတောင်းရင်း ဣသရေလလူမျိုးတွေကို အဲဂုတ္တုပြည်က ပြန်လည်ထုတ်ဆောင်တဲ့အကြောင်း ပြောမယ်ဆိုပြီး ထိုင်နေစဉ်စိတ်ထဲမှာ စာစီနေတယ်။ အများကြီးလည်းမရပါဘူး။ တခဏအတွင်းနဲ့ပြီးမဲ့ပုံဖြစ်နေလို့၊ ဘုရားရှင်ကိုဘဲ ပြောစေလိုတဲ့အရာ ဖွင့်ပြဖို့ ဆုတောင်းနေမိပါတယ်။ ကြည့်လိုက်ပြန်တော့လည်း လူအုပ်ကြီးက များနေလိုက်တာ၊ သာမန်ပုံမှန်လူတွေလောက်မဟုတ်ဘူး။ တရားလည်းမဟောရသေးဘူး။ စင်ပေါ်လည်းမတက်ရသေးပါဘူး။

အိပ်နေရာက နိုးလာတော့ ဆင်ခြင်မိသည်မှာ ... သြ! ဘုရားငါ့ကိုသုံးဖို့ ငါအဆင်သင့်မဖြစ်နေပါလား လို့ တစ်ယောက်တည်းပြောနေမိတယ်။ ဒီလူအုပ်ကြီးကများလိုက်တာ။ တကယ်လို့ ငါစင်ပေါ်တက်ပြီး ဟောပြော ရမယ်ဆိုရင် အရှက်ရတော့မှာဘဲဆိုပြီး ... အချိန်မရွေး၊ နေရာမရွေး၊ လူနည်းသည်ဖြစ်စေ၊ လူများသည်ဖြစ်စေ၊ ဘုရားအကြောင်းသက်သေခံဖို့၊ တရားဒေသနာဟောကြားဖို့၊ ဘုရားအသုံးတော်ခံနိုင်ဖို့၊ အတွင်းနှလုံးသားထဲမှာ အဆင်သင့်ရှိဖို့ အမြဲလိုနေပြီ။ ။

## ၂၀၂၅ ခုနှစ်မှာ ခွန်အားယူရန် သမ္မာကျမ်းစာ

## ဆာလံကျမ်း။ ၄၆

၁ ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်၍ ခွန်အားကို ပေးတော်မူ၏။
ဘေးရောက်သည်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။

၂ ထိုကြောင့် ပထဝီမြေကြီးသည်ရွေ့သွား၍ တောင်များ တုန်လှုပ်လျက်
သမုဒ္ဒရာသို့ကျသော်လည်း ငါတို့သည် ကြောက်လန့်ခြင်းမရှိ။

၃ သမုဒ္ဒရာရေသည်ဟုန်းဟုန်း မြည်၍ မွှေနှောက်ပါလေစေ။
လှိုင်းတံပိုးထသဖြင့် တောင်များ တုန်လှုပ်ပါစေလေ။

၄ မြစ်တမြစ် ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ ဘုရားသခင်၏ မြို့တည်းဟူသော အမြင့်ဆုံး
သောဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသော မြို့တော်ကို ရွှင်လန်းစေတတ်၏။

၅ ထိုမြို့သည် ဘုရားသခင်ကျိန်းဝပ်တော်မူရာဖြစ်၍ တုန်လှုပ်ခြင်းမရှိရာ။
မိုဃ်းသောက်လင်းစ၌ ဘုရားသခင် ကူမတော်မူလိမ့်မည်။

၆ လူမျိုးတို့သည် ဟုန်းဟုန်းမြည်ကြ၏။ တိုင်းနိုင်ငံတို့သည် လှုပ်ရှားကြ၏။
ဗျာဒိတ်သံကို လွှတ်တော်မူ၍ မြေကြီးသည် အရည်ဖြစ်လေ၏။

၇ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့်အတူရှိတော်မူ၏။
ယာကုပ်အမျိုး၏ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်တော်မူ၏။

၈ ထာဝရဘုရား စီရင်ပြုပြင်၍ မြေကြီးပေါ်မှာ သုတ်သင်ပယ် ရှင်းခြင်းအမှု တော်များကို
လာ၍ကြည့်ရှုကြလော့။

၉ လေးကိုချိုးလျက်၊ လှံကိုအပိုင်းပိုင်းဖြတ်လျက်၊ ရထားကိုမီးရှို့ လျက်၊ မြေကြီးစွန်း
တိုင်အောင် စစ်မှုကို ငြိမ်းစေတော်မူ၏။

၁၀ ငြိမ်ဝပ်လျက် နေကြလော့။
ငါကားဘုရား သခင်ဖြစ်သည်ဟု သိမှတ်ကြလော့။
လူမျိုးတို့တွင် ငါသည် ဘုန်းပွင့်မည်။ မြေကြီးပေါ်မှာ ဘုန်းပွင့်မည်။

၁၁ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရားသည် ငါတို့နှင့် အတူရှိတော်၏။
ယာကုပ်၏ ဘုရားသခင်သည် ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏။
အာမင်။